# Rumor

## ကောလဟာလ

ရည်ရွယ်ချက် : စကားပြောခြင်းနှင့် နားထောင်ခြင်း သဘော ပေါက်နားလည်နိုင်စွမ်း တိုးတက်လာစေ ရန်အတွက်ဖြစ်သည်။

ဘာသာစကားလယ်ဗယ် : အလယ်အလတ်

ကျောင်းသားများကို စက်ဝိုင်းပုံထိုင်နေပါစေ။ ပထမကျောင်းသားကို စကားလုံး တစ်လုံး သို့မဟုတ် စာပိုဒ်တစ်ပိုဒ်တစ်ကြိမ်သာ တီးတိုးပြောပါ။ သူကြားခဲ့သည်ကို သူထင်မြင်သည့်အတိုင်း သူ့ညာဘက်တွင်ရှိသော ကျောင်းသားကို ထပ်မံတီးတိုးပြော ရပါမည်။ ဤကျောင်းသားသည် တစ်လှည့်စီသူကြားခဲ့သည်ကို သူယုံကြည်သည့်အတိုင်း သူ့ညာဘက်တွင်ရှိသော တတိယကျောင်းသားကို တီးတိုးပြောဆိုပါမည်။ ဤနည်းဖြင့် စက်ဝိုင်းအတိုင်း ဆက်လက်ပြောသွားပါ။

ကျောင်းသားများသည် စကားလုံး သို့မဟုတ် စာပိုဒ်ကို တစ်ကြိမ်သာကြားရ မည်ဖြစ်ပြီး သူတို့ကြားရသည့်အတိုင်း သူတို့ထင်မြင်သည့်အတိုင်း ထပ်မံပြောဆိုသွား ရပါမည်။ နောက်ဆုံးကျောင်းသားသည် သူကြားခဲ့သည်ကို ကျယ်လောင်စွာ ကြေညာ ပေးပါမည်၊ ထို့နောက် သင့်အနေဖြင့် မူလသတင်းပေးချက်ကို ပြောဆိုနိုင်ပါသည်။ မူရင်းစကားလုံးနှင့် နောက်ဆုံးကျောင်းသားအော်ပြောခဲ့သည့် စကားလုံးတို့ကြားတွင် မကြာခဏ ဆက်စပ်မှု အနည်းငယ်သာ ရှိနေတတ်ပါသည်။ ၎င်းမှာ တစ်ခါတရံတွင် အတန်းတစ်လျှောက် ပျော်စရာကောင်းပါသည်။ ကစားနည်းပြီးဆုံးသွားချိန်တွင်ကျောင်း သားတိုင်းက သူတို့ကြားခဲ့သည်ကို သူမည်သို့ထင်မြင်ကြောင်း ပြောရပါမည်။ ပိုမိုအဆင့် မြင့်သော အုပ်စုများအတွက် ၎င်းတို့ထပ်တလဲလဲပြောဆိုရန် သင့်အနေဖြင့် ဝါကျအပြည့် အစုံကိုလည်း ပေးနိုင်ပါသည်။